THE UNIVERSITY
of NORTH CAROLINA
at CHAPEL HILL

# ၂-ဆင့် အတည်ပြုမှု ဖြင့် စတင်လိုက်ခြင်း

## ၂-ဆင့် အတည်ပြုမှုဆိုသည်မှာ အဘယ်နည်း။

လျှို့ဝှက်ရန် လိုအပ်သည့် အချက်အလက်များကို (လူမှုဖူလုံရေးနံပါတ်များကဲ့သို့) လုံခြုံစွာ ထိန်းသိမ်းထားရန် ထိုအချက်အလက်များကို ဝင်ရောက် အသုံးပြုခွင့် မရမီ "သင်သည် သင်"ဖြစ်ကြောင်း သက်သေပြရန် မေးမြန်းမည့် လုံခြုံရေး နည်းစနစ်အသစ်ကို တက္ကသိုလ်က အသုံးပြုနေပါသည်။ ဤနည်းစနစ်ကို "၂-ဆင့် အတည်ပြုမှု"ဟု ခေါ်ပါသည်။ အလုပ်လုပ်ပုံကို ကြည့်ရန် နောက်ဘက်စာမျက်နှာကို ကြည့်ပါ။

## စတင်ရန် သင်လိုအပ်သည့် အချက်အလက်

သင်သည် သင့်အကောင့်ကို ဖန်တီးရန်(တစ်ကြိမ်သာ လုပ်ဆောင်ရန် လိုအပ်ပါသည်) ဖော်ပြပါ အချက်အလက်များ လိုအပ်ပါသည်။

- အမည် သို့မဟုတ် ဧည့်အိုင်ဒီ
- စကားဝှက်
- PID
- သင့်လူမှုဖူလုံရေး နံပါတ်၏ နောက်ဆုံးဂဏန်း လေးလုံး
- မွေးနေ့ (သင်သည် ဤပုံစံအတိုင်း ထည့်သွင်းရပါမည်- လ/နေ့/ခုနှစ်)

### သတိထားရမည့် ထိပ်တန်း အရာ ၅ခု-

1. မစတင်မီ သင့်တွင် ဆဲလ်ဆားဖစ် သို့မဟုတ် ဝိုင်ဖိုင်ရှိကြောင်း သေချာပါစေ။
2. လုပ်ဆောင်မှု မရှိသည့် စက္ကန့် ၆၀ ကြာပြီးနောက် စနစ်သည် သုံးစွဲမှု အချိန်စေ့သွားပါမည်။
3. သင့်တွင် စမတ်ဖုန်းရှိလျှင်တောင် အက်ပ်ကို မသုံးပါက သင်သည် သင့်လုပ်ဆောင်ချက်စနစ်အတိုင်း **Other (အခြား အရာ)** ကို ရွေးချယ်ရန် လိုအပ်ပါသည်။
4. ဘားကုဒ်စကင် အလုပ်မလုပ်ပါက အခြားသော ရွေးချယ်မှု ရှိပါသည်။
5. ကွန်ပျူတာပေါ်မှ ညွှန်ကြားချက်များက အက်ပ်ကို ဖွင့်ရန် သင့်ကို ပြောသည်အထိ စောင့်ပါ။

## သတ်မှတ်ရန် စက်ကိရိယာကို ရွေးချယ်ပါ

သင်သည် စနစ်အား သင်ဖြစ်ကြောင်း ပြောရန် ဤနည်းများမှ ရွေးချယ်နိုင်ပါသည်-

1) သင်သည် စမတ်ဖုန်းကို သုံးနိုင်ပြီး အက်ပ်ကို ထည့်သွင်းနိုင်ပါသည်။



2) သင်သည် တက်ဘလက်ကို သုံးနိုင်ပြီး အက်ပ်ကို ထည့်သွင်းနိုင်ပါသည်။



3) သင်သည် ဆဲလ်ဖုန်းကို အက်ပ် မပါဘဲ အသုံးပြုနိုင်ပါသည်။



4) သင်သည် ကြိုးဖုန်းကို အသုံးပြုနိုင်ပါသည်။



# ၂-ဆင့် အတည်ပြုမှုသည် မည်သို့ အလုပ်လုပ်ပုံ



1. **တစ်ကြိမ်သာ-**
၂-ဆင့် အတည်ပြုမှုအတွက် ဖုန်း သို့မဟုတ် တက်ဘလက်ကို စာရင်းသွင်းပါ။ သင်သည် သင်ဆန္ဒရှိသည့် အက်ပ်၊ မက်ဆေ့ချ် သို့မဟုတ် ဖုန်းခေါ်ဆိုမှုကို အသုံးပြုရန် ရွေးချယ်ပါ။



2. စနစ်အတွင်းရှိ အတည်ပြုမှု လိုအပ်သည့် နေရာသို့ သွားပါ။



3. အတည်ပြုရန် လင့်ခ်ကို နှိပ်ပါ။



4. အက်ပ်၊ မက်ဆေ့ချ် သို့မဟုတ် ဖုန်းခေါ်ဆိုမှုမှ အသိပေးချက် လက်ခံရရှိပါမည်။



5. အက်ပ်အတွက် ခလုတ်ကို နှိပ်ပါ။ မက်ဆေ့ချ်အတွက် သင့်ထံ ပို့လိုက်သော ကုဒ်ကို ထည့်သွင်းပါ။ ဖုန်းခေါ်ဆိုမှုအတွက် မည်သည့်ခလုတ်ကိုမဆို နှိပ်ပါ။



6. ယခုသင်သည် လျှို့ဝှက်ရန် လိုအပ်သည့် အချက်အလက်များကို ဝင်ရောက် အသုံးပြုနိုင်ပါပြီ။